ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ်(၅၃)၊နေပြည်တော်

စာအမှတ်၊ အီးအိုင်အေ-၁/ ၄ ဆ ( ၄၅၀ /၂၀၂၀)
ရက်စွဲ  ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

အကြောင်းအရာ။ I & H Engineering Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစက်မှုဇုန်၊ ကုလားကုန်းရွာ၊ ကွင်းအမှတ် (၃)၊ မြေဧရိယာ (၁၆)ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် ဆောက်လုပ်ရေးသုံး ကွန်ကရစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ လုပ်ငန်းစီမံကိန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) အစီရင်ခံစာအား အတည်ပြုပြန်ကြားနိုင်ရေး အပေါ် သဘောထားမှတ်ချက်နှင့် အကြံပြုချက်များ တောင်းခံခြင်း

ရည်ညွှန်းချက်။

(၁) ပြည်ထောင်စုဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၁၂-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ် ၁၅/ဌာနခွဲ-၃/၂၀၁၆(စီ ၃၆၈၂)
(၂) ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၃၀-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ် (သစ်တော)၃/၁၆(ဃ)(၂၇၇၄/ ၂၀၁၆)
(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၈.၅.၂၀၁၈ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၁/၇ (၆၃၆/၂၀၁၈)
(၄) ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၃၁-၅-၂၀၁၈ ရက်စွဲပါစာအမှတ် (သစ်တော)၃(၂)/၁၆(ဃ)(၁၈၆၅/ ၂၀၁၈)
(၅) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၁၈.၉.၂၀၁၈ ရက်စွဲပါစာ အမှတ် ၁၄/ဌာနခွဲ-၃ /၂၀၁၈ (စီ ၃၀၂၆)
(၆) ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၄-၉-၂၀၁၈ ရက်စွဲပါစာအမှတ် (သစ်တော)၃(၂)/၁၆(ဃ)(၃၆၇၀/ ၂၀၁၈)
(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၁.၁၂.၂၀၁၈ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၁/၄/ဆ (၂၀၇၈/၂၀၁၈)
(၈) I & H Engineering Co., Ltd. ၏ ၂၈-၅-၂၀၁၉ ရက်စွဲပါတင်ပြစာ

၁။ I & H Engineering Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစက်မှုဇုန်၊ ကုလားကုန်းရွာ၊ ကွင်းအမှတ် (၃)၊ မြေရေိယာ (၁၆) ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ကွန်ကရစ်ပစ္စည်းစက်ရုံ တည်ဆောက်ရေး လုပ်ငန်းစီမံကိန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) အစီရင်ခံစာကို စိစစ်သုံးသပ်နိုင်ပါရန် ပြည်ထောင်စုဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရည်ညွှန်း (၁)ပါစာဖြင့် ညှိနှိုင်းတင်ပြလာခြင်းအပေါ် ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ စိစစ်သုံးသပ်နိုင်ရန် ရည်ညွှန်း (၂)ပါစာဖြင့် အကြောင်းကြားလာပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အဆိုပါ EIA အစီရင်ခံစာအား စိစစ်သုံးသပ်ချက်များအရ အစီရင်ခံစာတွင် ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်ကြောင်း ရည်ညွှန်း (၃) ပါစာဖြင့် ပြည်ထောင်စုဝန်ကြီးရုံးသို့ပြန်လည်တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ရည်ညွှန်း(၄) ပါစာဖြင့် ဆက်လက်အကြောင်းပြန်ကြားခဲ့ပါသည်။ အဆိုပါ အကြောင်းပြန်ကြားချက်အရ အစီရင်ခံစာအား ပြန်လည်ပြင်ဆင် ဖြည့်စွက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရည်ညွှန်း (၅) ပါစာဖြင့် ညှိနှိုင်းတင်ပြလာမှုအပေါ် စိစစ်သုံးသပ်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ရည်ညွှန်း (၆) ပါစာဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ဆက်လက်အကြောင်းကြားလာပါသည်။ အဆိုပါ အစီရင်ခံစာကို စိစစ်သုံးသပ်နိုင်ရန်အတွက် စီမံကိန်းပိုင်ရှင်ဖြစ်သူ I & H Engineering Co., Ltd. ၊ တတိယအဖွဲ့အစည်းဖြစ်သူ Myanmar Engineering Society (MES)၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ဝင်များဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် စိစစ်သုံးသပ်ဆွေးနွေးခဲ့ပြီး ရည်ညွှန်း (၇) ပါစာဖြင့် သဘောထားမှတ်ချက် ပြန်ကြားခဲ့ရာ I & H Engineering Co., Ltd. မှ အစီရင်ခံစာကို ပြင်ဆင်ရေးသားပြုစု၍ ရည်ညွှန်း (၈) ပါစာဖြင့် ပြန်လည်တင်ပြလာပါသည်။

၂။ I & H Engineering Co., Ltd. မှ ပြန်လည်ပြင်ဆင်တင်ပြလာသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Environmental Impact Assessment-EIA) အစီရင်ခံစာကို တတိယအဖွဲ့အစည်းဖြစ်သည့် Myanmar Engineering Society (MES) မှ ပြုစုရေးသားထားပြီး အစီရင်ခံစာတွင် အကျဉ်းချုပ်အစီရင်ခံစာ၊ နိဒါန်း၊ ကတိကဝတ်၊ မူဝါဒ၊ ဥပဒေနှင့်အဖွဲ့အစည်းဆိုင်ရာမူဘောင်၊ စီမံကိန်းအကြောင်းအရာ၊ လက်ရှိပတ်ဝန်းကျင် အခြေအနေ၊ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် လျော့နည်းစေရန် ဆောင်ရွက်မည့်လုပ်ငန်းများ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်

အလက်များထုတ်ပြန်ခြင်းတို့ကို ဖော်ပြထားပါကြောင်းနှင့် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ဝင်များ၏ သဘောထားအကြံပြုချက်များနှင့်အညီ ဖြည့်စွက်ဖော်ပြထားပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှုရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ရည်ညွှန်း(၇)ပါစာဖြင့် သဘောထားပြန်ကြားမှုအရ ပြန်လည်ပြင်ဆင်တင်ပြလာသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Revised EIA Report) အစီရင်ခံစာကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အတည်ပြုပြန်ကြားနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးရုံးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါသဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ဝင်များအနေဖြင့် အဆိုပါ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Revised EIA Report) အစီရင်ခံစာအား စိစစ်သုံးသပ်ပေးနိုင်ပါရန်နှင့် ပြင်ဆင်ဖြည့်စွက်ရန်ရှိပါက သဘောထားမှတ်ချက်များကို ၂၇.၂.၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားပေးနိုင်ပါရန် ညှိနှိုင်းအကြောင်းကြားအပ်ပါသည်။

မှတ်ချက်။ ဆောက်လုပ်ရေးသုံးကွန်ကရစ်ပစ္စည်းစက်ရုံတည်ဆောက်ရေး လုပ်ငန်းစီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) အစီရင်ခံစာအပေါ် စိစစ်သုံးသပ်ချက်အစီရင်ခံစာနှင့် အဆိုပြုလုပ်ငန်းနှင့်ပတ်သက်၍ Revised EIA Report (Soft Copy)အား CD ဖြင့် ပူးတွဲ ပေးပို့အပ်ပါသည်။

၂၁.၂.၂၀၂၀

(လှမောင်သိန်း)
ညွှန်ကြားရေးမှူးချုပ်

<u>ဖြန့်ဝေခြင်း</u>

စက်မှုလုပ်ငန်းကဏ္ဍဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ဝင်များအားလုံး( ပူးတွဲပါ)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပါမောက္ခချုပ်၊ မန္တလေးနည်းပညာတက္ကသိုလ်

ပါမောက္ခချုပ်၊ မုံရွာနည်းပညာတက္ကသိုလ်

ရုံးလက်ခံ၊ မျှောစာတွဲ

ပူးတွဲ

I & H Engineering Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစက်မှုဇုန်၊ ကုလားကုန်းရွာ၊ ကွင်းအမှတ် (၃)၊ မြေဧရိယာ (၁၆)ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် ဆောက်လုပ်ရေးသုံးကွန်ကရစ်ပစ္စည်းစက်ရုံတည်ဆောက်ရေး လုပ်ငန်းစီမံကိန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) အစီရင်ခံစာအား စိစစ်သုံးသပ်မည့် အဖွဲ့ဝင်အမည်စာရင်း

| | | | |
|---|---|---|---|
| ၁။ | ဦးလှမောင်သိန်း | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂။ | ဒေါက်တာမျိုးညွှန့် | ပါမောက္ခချုပ်<br>မုံရွာနည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃။ | ဦးစိုးဝင်းစိန် | ညွှန်ကြားရေးမှူး<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေး<br>ဦးစီးဌာန<br>အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့<br>အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄။ | ဦးမောင်မောင်သန့် | အထွေထွေမန်နေဂျာ<br>နည်းပညာဖွံ့ဖြိုးရေးဌာန<br>အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅။ | ဦးမျိုးမင်း | ညွှန်ကြားရေးမှူး<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၆။ | ဒေါ်အေးဝင်း | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| ၇။ | ဦးစိုးနိုင် | ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း<br>ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၈။ | ဒေါက်တာမျိုးမြင့် | ပါမောက္ခ ၊ ဌာနမှူး (ဇီဝနည်းပညာဌာန)<br>မန္တလေးနည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၉။ | ကိုယ်စားလှယ်တစ်ဦး | လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၀။ | ဦးလှထွန်း | ဒုတိယညွှန်ကြားရေးမှူး<br>မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၁။ | ဦးဇော်မျိုးကျော် | ဒုတိယညွှန်ကြားရေးမှူး<br>(တူးဖော်/ရှေးပစ္စည်း/ကမ္ဘာ့ပြည်းကျောက်စာဌာနခွဲ)<br>ရှေးဟောင်းသုသေတနနှင့်အမျိုးသားပြတိုက်<br>ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၂။ | ဒေါ်ဆွေသီထွန်း | လက်ထောက်ညွှန်ကြားရေးမှူး<br>စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၃။ | ဒေါ်သီသီလှိုင်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၄။ | ဦးအာကာစိုး | လက်ထောက်ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၅။ | ကိုယ်စားလှယ်တစ်ဦး | ဒုတိယညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၆။ | ဒေါက်တာအောင်မြင့်မော် | ဌာနမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၁၇။ | ဦးမင်းမော် | ဒုတိယညွှန်ကြားရေးမှူးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | အတွင်းရေးမှူး |